# အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် ကိုဗစ်-၁၉ ဒေတာကောက်ယူစုဆောင်းခြင်း- ဆုံးဖြတ်ချက် ချမှတ်ပုံအဆင့်ဆင့်

WHO | kNOwVAWdata measuring prevalence of violence against women in asia-pacific | UNFPA | UN WOMEN

**အဘယ်ကြောင့်ဒေတာကောက်ယူ စုဆောင်းလိုသနည်း၊ ၎င်းအား မည်သို့အသုံးပြုမည်နည်း?**

**စူးစမ်းလေ့လာရန်အတွက် မည်သည့်မေးခွန်းများ အသုံးဝင်သနည်း ?**

**လူထုအခြေပြု စစ်တမ်းများအရ ဖြစ်နိုင်ခြေရှိသော ဖြေကြားခံရသည့် မေးခွန်းများ**

- အကြမ်းဖက်မှုသည် မြင့်တက်လာပါသလား ?
- အကြမ်းဖက်မှု၏ သဘောသဘာဝ၊ ပုံစံ သို့မဟုတ် ပြင်းထန်မှုသည် ပြောင်းလဲလာပါသလား?
- အကြမ်းဖက်မှုအတွက် အန္တရာယ်ဖြစ်နိုင်ခြေ/ကာကွယ်မှု အကြောင်းအချက်များ ပြောင်းလဲလာပါသလား?

**အခြားဒေတာအရင်းမြစ်များ အရ ဖြစ်နိုင်ခြေရှိသော ဖြေကြားခံရသည့် မေးခွန်းများ**

- တိုင်ကြားထားသည့် အကြမ်းဖက်မှု၏ သဘောသဘာဝ၊ပုံစံ သို့မဟုတ် ပြင်းထန်မှုတွင် ပြောင်းလဲမှုရှိပါသလား။
- ဝန်ဆောင်မှု အသုံးပြုရာတင် မြင့်တက်ခြင်း သို့မဟုတ် လျော့ကျခြင်း ရှိပါသလား။
- ဝန်ဆောင်မှုများအား ရရှိပါသလား နှင့်/သို့မဟုတ် ကွဲပြားခြားနားစွာ ပေးခြင်းရှိပါသလား၊၎င်းသည် ဘေးကင်း ထိရောက်မှုရှိပါသလား ?

တည်ရှိဆဲ ဒေတာများသည် ရှာဖွေ လေ့လာနေသည် ည့်မေးခွန်းများ ၂ုးအား ဖြေကြားပေးနိုင်ပါ ၊င်ပါသလား။

Yes →

တည်ရှိဆဲဒေတာများကိုသုံးပါ !

- တည်ရှိဆဲ စစ်တမ်းများမှ ဒေတာများကို ရှာဖွေပါ။
- ဝန်ဆောင်မှု ကိစ္စရပ် မှတ်တမ်းများကို စိစစ်ပါ။ (ကိုဗစ်-၁၉ မတိုင်မီနှင့် ကိုဗစ်ကာလ)

No →

**ဘေးကင်းပြီး လိုအပ်သည့် သတင်းအချက်အလက် ပေးနိုင်သည့် အခြေခံ ရှာဖွေသုတေသန နည်းလမ်းများ-**

- ရရှိနိုင်မှုနှင့် အရင်းအမြစ်များ၏ ပြောင်းလဲမှုများ ပါအဝင်၊ **မြေပုံဝန်ဆောင်မှုများ**
- ဝန်ဆောင်မှု ပေးသူများနှင့် **စစ်တမ်းတိုများ သို့မဟုတ် အဓိက သတင်းပေးအား တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခြင်း**
- **လုံခြုံစွာနှင့် အပြည့်အဝ သဘောတူညီမှုဖြင့် လုပ်ဆောင်နိုင်ပါက လွတ်မြောက် လာသူများကို တွေ့ဆုံမေးမြန်းပါ။** (ဥပမာ- အမျိုးသမီး အဖွဲ့ပအစည်းများ၊ ကျန်းမာရေး ဝန်ဆောင်မှု သို့မဟုတ် ဂေဟာများတွင်)

နိုင်ငံအဆင့် Lockdown ပြုလုပ်ခြင်း သို့မဟုတ် အရေးပါသည့် အသွားအလာ ကန့်သတ်မှုများရှိပါသ လား

- ရှိ → **မလုပ်ဆောင်ပါနှင့်** → တွေ့ဆုံမေးမြန်းသူများသည် အိမ်များသို့ လုံခြုံစွာ သွားရောက်ပြီး သီးသန့် အတွင်းရေး လျှို့ဝှက် တွေ့ဆုံမေးမြန်းမှုများ မပြုလုပ်နိုင်ပါ။
- မရှိ → လျှို့ဝှက်မှု၊ သီးသန့်ဖြစ်မှုနှင့် အထောက်အပံ့ ရရှိမှုတို့ကို အာမခံပါသလား?
  - မခံပါ → **မလုပ်ဆောင်ပါနှင့်** → တွေ့ဆုံမေးမြန်းသူများသည် အိမ်များသို့ လုံခြုံစွာ သွားရောက်ပြီး သီးသန့် အတွင်းရေး လျှို့ဝှက် တွေ့ဆုံမေးမြန်းမှုများ မပြုလုပ်နိုင်ပါ။
  - အာမခံသည် → အကြမ်းဖက်မှုစစ်တမ်းများ သို့မဟုတ် တွေ့ဆုံမေးမြန်းမှုများဖြင့် ဒေတာ ကောက်ယူရန် အန္တရာယ်ကင်းသည်။ **အရေးကြီးအချက်!** ကိုဗစ်-၁၉ မတိုင်မီနှင့် ကိုဗစ်ကာလအတွင်း အမျိုးသမီး မည်မျှ အကြမ်းဖက်မှုအား တွေ့ကြုံ ရကြောင်း (ပျံ့နှံ့မှု) ကိုယ်စားပြုသည့် ဒေတာအား အလျဉ်းသင့်သည့် အမျိုးသမီးများအား စစ်တမ်းကောက်ယူခြင်းဖြင့်သာ ရရှိနိုင်သည်။

ပျံ့ပွားမှုကို သတ်မှတ်ရန် ဝန်ဆောင်မှုဒေတာကို အသုံးပြုနိုင်ပါသလား ? (ဥပမာ- ရဲစခန်း တိုင်ကြားမှုများ၊အကူအညီခေါ်ဆိုမှု ၂များ၊ ဂေဟာများမှ ဒေတာများ)

→ **မလုပ်ဆောင်ပါနှင့်** → **အသုံးမပြုနိုင်ပါ။** ကျူးလွန်ခံရသည့် အမျိုးသမီး အနည်းစုသာ ဝန်ဆောင်မှုများကို အသုံးပြုကြသည်။ ဝန်ဆောင်မှုသုံး ဒေတာအတွင်း ပြောင်းလဲမှုကို ပျံ့နှံ့မှု အပြောင်းအလဲ အဖြစ် အဓိပ္ပါယ်သက်မှတ်မှုသည် မမှန်ကန်ပေ။ ဝန်ဆောင်မှုဒေတာများသည် အခြား မေးခွန်းများကို ဖြေကြားရာတွင် အသုံးဝင်သည်။

ကိုဗစ်-၁၉ အကျိုးသက်ရောက်မှု များ၏ လူထုအခြေပြု စစ်တမ်း များအား အလျှင် အမြန်အကဲဖြတ်ရာတွင် အကြမ်းဖက်မှုအတွေ့အကြုံ ဆိုင်ရာ မေးခွန်းအချို့ ထည့်သွင်းနိုင်ပါသလား

→ **မလုပ်ဆောင်ပါနှင့်** → **မပြုလုပ်နိုင်ပါ။.** မည်သည့် အကြမ်းဖက်မှု စစ်တမ်းများတွင် မဆို၊ အမျိုးသမီးများ၏ ပါဝင်မှု၊ အထူးသဖြင့် ၎င်းတို့အား ကျူးလွန်သူများနှင့် အိမ်တွင် ရှိနေသည့်အခါ တွင် ပိုမိုအကြမ်းဖက်မှုများ နှင့်/သို့မဟုတ် အရည်အသွေး နိမ့်သည့် ဒေတာများ ရရှိလာစေနိုင်သည်။

အကြမ်းဖက်မှု ပျံ့နှံ့မှု ဒေတာများ ရယူရန် တယ်လီဖုန်းဖြင့် မေးမြန်းမှု သို့ဟုတ် အင်နက်/မိုဘိုင်းဖုန်းများ အသုံးပြု၍ ဒေတာ ကောက်ယူခြင်း ပြုလုပ်နိုင်ပါသလား

→ **မပြုလုပ်နိုင်ပါ။.** မည်သည့် အကြမ်းဖက်မှု စစ်တမ်းများတွင် မဆို၊ အမျိုးသမီးများ၏ ပါဝင်မှု၊ အထူးသဖြင့် ၎င်းတို့အား ကျူးလွန်သူများနှင့် အိမ်တွင် ရှိနေသည့်အခါ တွင် ပိုမိုအကြမ်းဖက်မှုများ နှင့်/သို့မဟုတ် အရည်အသွေး နိမ့်သည့် ဒေတာများ ရရှိလာစေနိုင်သည်။

မြန်ဆန်သည့် စိစစ်မှုတစ်ခုတွက် တစ်ဆင့် မေးခွန်းများကို ထည့်သွင်းခြင်းသည် အသုံးဝင်နိုင်ပါသလား(ဥပမာ- အခြားသူများ ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများ)

→ **မလုပ်ဆောင်ပါနှင့်** → **အသုံးမဝင်ပါ။** ၎င်းသည် ဘာကိုဆိုလိုသည်ကို မသိနိုင်ပါ။ ၎င်းအား အသုံးမပြုနိုင်ပါ။

အမျိုးသမီးများ၏ လုံခြုံဘေးကင်းရေးအား ဒေတာကောက်ယူခြင်း ထက် အမြဲဦးစားပေးရမည် !

*အသေးစိတ်အတွက် ပူးတွဲပါ အကျဉ်းချုပ်ကို ကြည့်ပါ။ (မကြာမီ ရရှိနိုင်မည်)*

*V. ၂၀ ဇွန်လ၊ ၂၀၂၀*